# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၂၇

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၂ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

ဦးအောင်မြင့် (ခ) ငပျော့ နှင့် ဦးမျိုးမင်းထိုက်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် - ဦးခင်မောင်ဦး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးဝင်းမြင့်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

ပုသိမ်ခရိုင်တရားရုံး ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၄၀ တွင် ဦးမျိုးမင်းထိုက် က ဦးအောင်မြင့် (ခ) ငပျော့ အပေါ် ကုန်ဖိုးငွေ ၁၃၆၅၆၉၀၀ ကျပ် နှင့် ကော်မရှင်ခငွေ ၁၅၀၀၀၀၀ ကျပ်၊ စုစုပေါင်း ငွေ ၁၅၁၅၆၉၀၀ ကျပ် ရလိုမှု စွဲဆိုရာတရားလို စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်သည်။ ယင်းစီရင်ချက်နှင့်ဒီကရီကို ဦးအောင်မြင့် (ခ) ငပျော့က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၂ ဖြင့် အယူခံဝင်ရောက် သော်လည်း အောင်မြင်မှုမရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှု ကို တင်သွင်းသည်။

အဆိုလွှာတွင် တရားလိုသည် မန္တလေးမြို့၊ ဖောင်းပြင်စတိုးဆိုင်မှ SOGO ကွိုင်ပျောက် မီးဖိုနှင့် ၅ လုံးဆင့်စတီးအိုးများကို မှာယူပြီး ဖြန့်ဖြူးရောင်းချရာ တရားပြိုင်က တရားလိုအား ကော်မရှင်ခပေး၍ တရားလိုထံမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချခဲ့ကြောင်း၊ တရားပြိုင်မှာယူသည့် ပစ္စည်းများကို ပဲခူးမြို့၊ လမင်းသာကားဂိတ်သို့ ပေးပို့ခဲ့ရာ ပစ္စည်းဖိုးနှင့် ကော်မရှင်ခများကို

၈ ကြိမ်ထိ ပြေကြေစွာပေးခဲ့ကြောင်း၊ ပစ္စည်းတန်ဖိုးနှင့်ကားခပေါင်း၍ ကော်မရှင်ခကို သတ်မှတ်ခြင်း ဖြစ်ကြောင်း၊ ၂၃-၄-၂၀၁၅၊ ၂၈-၄-၂၀၁၅၊ ၅-၅-၂၀၁၅၊ ၁၁-၅-၂၀၁၅၊ ၁၄-၅-၂၀၁၅ ရက်စွဲပါ ပြေစာများဖြင့် ပေးပို့ခဲ့သည့် စုစုပေါင်းပစ္စည်း တန်ဖိုးနှင့်ကားခ အပါအဝင်စုစုပေါင်းငွေ ၁၃၆၅၆၉၀၀ ကျပ်၊ ကော်မရှင်ခငွေ ၁၅၀၀၀၀၀ ကျပ်၊ စုစုပေါင်း ၁၅၁၅၆၉၀၀ ကျပ် တို့ကို ပေးပို့ခြင်း မရှိသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုက ပစ္စည်းများ ရောင်းချရန် လာစပ်စဉ်က ကားခမပေးရဘူးဟု ပြောသော်လည်း ငွေတွက်တောင်းရာတွင်ကားခပါတောင်း၍ ပေးခဲ့ရကြောင်း၊ ပစ္စည်းတစ်စုံ ပေါ်တွင် ပေးရငွေမှာ ကော်မရှင်ခမဟုတ်ဘဲ အတိုးငွေဖြစ်၍ နောက်ပိုင်းမမှာတော့ကြောင်း၊ ဆိုလွှာပါ ဖော်ပြထားသည့်စာရင်းများသည် တရားလိုက ဝယ်ယူသည့် စာရင်းများဖြစ်ပြီး တရားပြိုင်ထံ ပေးပို့သည့် ပစ္စည်းများမဟုတ်ကြောင်း၊ တရားပြိုင်က ရောင်းရသော ပစ္စည်းဖိုးနှင့် အတိုးငွေများ အားလုံးပေးပြီးဖြစ်၍ ပေးရန် မကျန်ကြောင်း ချေပသည်။

ပုသိမ်ခရိုင်တရားရုံးက ငြင်းချက် ၃ ရပ် ထုတ်နုတ်စစ်ဆေးပြီး တရားလိုသည် တရားပြိုင်ထံမှ ကုန်ဖိုးငွေ ၁၃၆၅၆၉၀၀ ကျပ်နှင့် ကော်မရှင်ခငွေ ၁၅၀၀၀၀၀ ကျပ်၊ စုစုပေါင်း ၁၅၁၅၆၉၀၀ ကျပ် ရရန်ရှိသည်မှာ မှန်ကြောင်း၊ ကော်မရှင်ခဆိုသည်မှာ အတိုးငွေသာဖြစ်ပြီး တရားပြိုင်သည် တရားလိုအား အကြွေးနှင့် အတိုးအားလုံး ပေးဆပ်ပြီးဖြစ်၍ ပေးရန် မရှိ ဆိုသည်မှာ မမှန်ကြောင်း၊ တရားလိုသည် တောင်းဆိုသည့် သက်သာခွင့်ကို ရထိုက်ကြောင်း သုံးသပ်ဆုံးဖြတ်၍ တရားပြိုင်သည် ငွေ ၁၅၁၅၆၉၀၀ ကျပ် ကို စရိတ်နှင့်တကွ တရားလိုသို့ ပြန်လည်ပေးဆပ်စေရန် ဒီကရီ ချမှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတရားလိုထံမှ တရားပြိုင်က SOGO ကွိုင်ပျောက်မီးဖိုများနှင့် ၅ လုံးဆင့် စတီးအိုးများ မှာယူပြီး ပြန်လည်ရောင်းချသည့် လုပ်ငန်း လုပ်ကိုင်သည်မှာ အဆိုအချေအရ အငြင်းမပွားကြောင်း၊ ယခင် ၈ ကြိမ်ပေးပို့ခဲ့သည့် ကုန်ပစ္စည်းများအတွက် ပေးချေပြီးဖြစ်ကြောင်း တရားလို၏ အဆိုပြုချက်အပေါ် တရားပြိုင်က မငြင်းဆိုကြောင်း၊ နောက်ထပ် ၅ ကြိမ်ပေးပို့သည့်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားလိုထံ ပေးချေပြီးကြောင်း ခိုင်လုံသည့် အထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း၊ ထို ၅ ကြိမ် အတွက် ကုန်ပစ္စည်းများ၏ တန်ဖိုး၊ ကော်မရှင်ခ၊ ကားခတို့ကို တရားလို အနေဖြင့် ပေးချေရန် တာဝန်ရှိကြောင်း သုံးသပ်၍ မူလခရိုင်တရားရုံး၏ ဒီကရီကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက တရားလိုနှင့်တရားပြိုင်အကြား ကုန်စည် ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်ခဲ့သည်မှာ တရားလို၏ အဆိုလွှာပါ အတိုင်း ၈ ကြိမ်သာ ဖြစ်ပြီး ထို ၈ ကြိမ် အတွက် တရားပြိုင်မှငွေများပေးချေ စာရင်းရှင်းလင်းပြီးဖြစ်ကြောင်း၊ ထိုသို့ ရှင်းလင်းပြီး နောက်ပိုင်း တရားလိုနှင့် အရောင်းအဝယ် မလုပ်တော့ကြောင်း၊ တရားလို နောက်ထပ် ပို့သည် ဆိုသော ၅ ကြိမ်အတွက် တရားလိုမှ ကုန်စည်ပေးပို့ခဲ့သည်ဆိုသော အထောက်အထားများ တင်ပြနိုင်ခြင်းမရှိဘဲ တရားပြိုင်အပေါ် ဒီကရီ ချမှတ်ခြင်းဖြစ်သောကြောင့် မူလရုံးနှင့် အယူခံရုံး

တို့၏ စီရင်ချက်နှင့်ဒီကရီများကို ပယ်ဖျက်၍ တရားလို၏ အဆိုလွှာကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက တရားလိုမှ တရားပြိုင်ထံ ကုန်ပစ္စည်းပေးပို့ခဲ့သည့် ပြေစာများအား သက်သေခံ (က) မှ (ည) အထိ တင်သွင်းထားပြီး တရားလို၏ ထွက်ဆိုချက်အပေါ် တရားလိုပြ သက်သေများက ထောက်ခံထွက်ဆိုထားကြောင်း၊ တရားပြိုင် နေထိုင်ရာ စမ်းကြီးကုန်းကျေးရွာသို့ တရားလိုက လိုက်သွားပြီး ငွေများတောင်းရာ တရားပြိုင်မှာ ဦးစွာ ရှောင်တိမ်းနေပြီး ကိုဘိုဘို (ခ) ကိုဘိုကြီးလိုက်ခေါ်သည့် အခါမှ ၎င်းပေးရန် ရှိသည့်ငွေများကို လောလောဆယ် မပေးနိုင်သေးကြောင်း၊ ပစ္စည်းထပ်ချပေးရန်နှင့် သီတင်းကျွတ်သည့်အခါ ပေးဆပ်မည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်မှာ ထင်ရှားသဖြင့် တရားပြိုင်သည် တရားလိုစွဲဆိုထားသည့် ငွေများပေးရန် ရှိသည်မှာ မြင်သာကြောင်း၊ သက်သေခံ (က) မှ (ည) ပါ ပစ္စည်းများပေးပို့ပြီးနောက် တရားလိုထံငွေပေးပို့သည့် အထောက်အထားများ တင်ပြနိုင်ခြင်းမရှိကြောင်း၊ သို့ပါ၍ အယူခံမှုကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွင်တရားပြိုင်သည် တရားလိုထံမှ SOGO ကွိုင်ပျောက်မီးဖိုနှင့် ၅ လုံးဆင့် စတီးအိုးများအားမှာယူပြီး ပဲခူးမြို့၌ ပြန်လည်ရောင်းချကြောင်း၊ ကားခအပါအဝင် ပစ္စည်းတစ်စုံ တန်ဖိုးအပေါ်တွင် ကော်မရှင်ခ ၂၀၀၀ ကျပ်ပေးရန် သဘောတူခဲ့ကြကာ ပစ္စည်းများ ရောင်းချပြီးနောက်မှ ငွေများပေးချေခြင်း ဖြစ်ကြောင်း၊ တရားပြိုင်သည် ယခင်မှာယူသည့် ၈ ကြိမ်အတွက် ပစ္စည်းဖိုးနှင့် ကော်မရှင်ခများကို တရားလိုထံသို့ ပြေကြေစွာ ပေးပြီးဖြစ်ကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သည်။

တရားလိုသည် မန္တလေးမြို့၊ ဖောင်းပြင်စတိုးမှပစ္စည်းများကို မှာယူ၍ တရားပြိုင်ထံ ပဲခူးမြို့၊ လမင်းသာကားဂိတ်မှတစ်ဆင့် ပေးပို့ခဲ့ခြင်းဖြစ်ပြီး၊ ၂၃-၄-၂၀၁၅၊ ၂၈-၄-၂၀၁၅၊ ၅-၅-၂၀၁၅၊ ၁၁-၅-၂၀၁၅၊ ၁၄-၅-၂၀၁၅ ရက်နေ့တို့တွင်လည်း ကုန်ပစ္စည်းများ ၅ ကြိမ်ထပ်မံ ပေးပို့ခဲ့ရာ ထို ၅ ကြိမ်အတွက် ပစ္စည်းတန်ဖိုး၊ ကားခနှင့်ကော်မရှင်ခအပါအဝင် စုစုပေါင်းငွေ ၁၅၁၅၆၉၀၀ ကျပ်ကို ပေးချေရန် ပျက်ကွက်ကြောင်း အဆိုပြုထွက်ဆိုထားကာ ဖောင်းပြင်စတိုးမှ ပစ္စည်းများ ၅ ကြိမ် ဝယ်ယူသည့် ပြေစာများကို သက်သေခံ (က)၊ (ဂ)၊ (င)၊ (စ)၊ (ဈ) အဖြစ် လည်းကောင်း၊ တရားပြိုင်ထံ၊ ပဲခူးမြို့သို့ လမင်းသာကုန်စည်ပို့ဆောင်ရေးကားဂိတ်မှ ပေးပို့သည့် ပြေစာ ၅ စောင်ကို သက်သေခံ(ခ)၊ (ခ-၁)၊ (ဃ)၊ (စ)၊ (ဇ) အဖြစ်လည်းကောင်း တင်သွင်းသည်။

ဖောင်းပြင် စတိုးမှ ပစ္စည်းဝယ်ယူသည့် ပြေစာများပါ ရက်စွဲများမှာ တရားလို အဆိုပြုသည့်အတိုင်း ၂၃-၄-၂၀၁၅၊ ၂၈-၄-၂၀၁၅၊ ၅-၅-၂၀၁၅၊ ၁၁-၅-၂၀၁၅၊ ၁၄-၅-၂၀၁၅ ရက်စွဲများဖြင့် ပြေစာများဖြစ်ပြီး တရားပြိုင်ထံကုန်ပစ္စည်းများ ပေးပို့သည့်ကုန်တင်ခ ပြေစာများပါ ရက်စွဲများမှာလည်း ၂၃-၄-၂၀၁၅၊ ၂၅-၄-၂၀၁၅၊ ၆-၅-၂၀၁၅၊ ၁၂-၅-၂၀၁၅၊ ၂၀-၅-၂၀၁၅ ရက်စွဲများဖြင့် ပေးပို့ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရားပြိုင်က ယခင် ၈ကြိမ်မှာယူခဲ့သော ပစ္စည်းများအတွက် ငွေများအပြေအကြေ ပေးချေပြီးနောက်ပိုင်း ပစ္စည်းမှာယူခြင်း မရှိတော့သဖြင့်ပေးရန် အကြွေးကျန်ရှိခြင်း မရှိတော့ကြောင်း ချေပထွက်ဆိုကာ ငွေလွှဲပေးပို့ခဲ့သည့် ကမ္ဘောဇဘဏ်ငွေလွှဲပြေစာများကိုသက်သေခံ (၁) မှ (၁၂) အထိတင်ပြသည်။ ထိုပြေစာများတွင် သက်သေခံ (၁၁) ငွေလွှဲပြေစာမှာတရားလို၏ ဇနီး ဒေါ်မွန်မွန်အောင် ထံသို့ ငွေသိန်း ၅ဝ ကျပ် တရားပြိုင်မှ လွှဲပို့သည့် ပြေစာဖြစ်သော်လည်း ၂-၂-၂၀၁၅ ရက်စွဲဖြစ်သဖြင့် ယခုအမှုပါ ပစ္စည်းများနှင့် မသက်ဆိုင်သည့် ယခင်ကာလများက ဖြစ်သည်။ ဒေါ်မွန်မွန်အောင် အမည်ဖြင့် ဦးအောင်ကျော်ကျော်ဆိုသူထံ လွှဲပို့ခိုင်းသည်ဆိုသော သက်သေခံ (၁၂)၊ ငွေလွှဲပြေစာမှာလည်း၂၅-၃-၂၀၁၄ ရက်စွဲဖြင့်ဖြစ်၍ ယခုအမှုပါ ပစ္စည်းများနှင့် မသက်ဆိုင်သည့် ကာလများက ဖြစ်ပေသည်။ ကျန်ပြေစာများမှာလည်း တရားလိုထံ ပေးပို့သည့် ပြေစာများ မဟုတ်ချေ။

သို့ဖြစ်ရာ တရားပြိုင်သည် တရားလိုမှ နောက်ထပ် ၅ ကြိမ် ပေးပို့ထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကုန်ဖိုးငွေနှင့် ကော်မရှင်ခငွေ၊ စုစုပေါင်း ၁၅၁၅၆၉ဝဝ ကျပ် ကို ပေးချေရန် တာဝန်ရှိကြောင်း မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ ထင်ရှားပေါ်ပေါက်သည်ဖြစ်၍ တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီ ချမှတ်ခဲ့သောမူလခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် စီရင်ချက်၊ ဒီကရီ တို့သည် ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှားယွင်းခြင်း မရှိပေ။

ထို့ကြောင့် ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃ဝဝဝဝ သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး